နဇရ်(ကိုးခြင်း)မှ တားမြစ်တော်မူခဲ့၏။ ထို့နောက်မိန့်ကြားတော်မူသည် -နဇရ်(ကိုးခြင်း) သည် မည်သည့်

ကောင်းခြင်းတစ်စုံတစ်ရာကိုမျှ မယူဆောင်လာနိုင်ပါ။စင်စစ် ထိုသို့နဇရ်(ကိုးခြင်း) အားဖြင့်

စေးနဲတွန့်တိုသူထံမှ (ငွေကြေး ဥစ္စာကို)ထွက်စေခြင်းသာဖြစ်သည်။

အိဗ်နု အိုမရ် (ရဿွိရလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် နဇရ်(ကိုးခြင်း)မှ တားမြစ်တော်မူခဲ့၏။
ထို့နောက် မိန့်ကြားတော်မူသည် -နဇရ်(ကိုးခြင်း) သည် မည်သည့်
ကောင်းခြင်းတစ်စုံတစ်ရာကိုမျှ မယူဆောင်လာနိုင်ပါ။ စင်စစ်ထိုသို့နဇရ်(ကိုးခြင်း) အားဖြင့် စေးနဲတွန့်တိုသူထံမှ (ငွေကြေးဥစ္စာကို)ထွက်စေခြင်းသာ ဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် နဇရ်ကိုးခြင်းကိုတားမြစ်တော်မူခဲ့သည်။ နဇရ်ကိုးခြင်းဆိုသည်မှာ လူတစ်ဦးက သူ့အတွက် ရှရီအသ်တရားတော်ကမပြဌာန်းထားသော အရာတစ်ခုခုကို မိမိအပေါ် မဖြစ်မနေ ဆောင်ရွက်ရမည်ဟုတာဝန်သတ်မှတ်ခြင်းဖြစ်သည်။ · တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ဆက်လက်၍မိန့်ကြားတော်မူသည်မှာ နဇရ်ကိုးခြင်းသည် မည်သည့်အရာကိုမျှ ရှေ့သို့‌စောစေနိုင်သလို၊နောက်ကျစေနိုင်ခြင်းလည်းမရှိပါ။ စင်စစ် နဇရ်ကိုးခြင်းအားဖြင့် စေးနဲတွန့်တိုသူထံမှ (ငွေကြေးဥစ္စာကို)ထွက်စေခြင်းသာဖြစ်သည်။ ၎င်းသည် မိမိအပေါ်တွင်မဖြစ်မနေတာဝန်ရှိသည်မှလွဲ၍ (အလှူဒါန) မပြုလုပ်လိုသောသူဖြစ်သည်။နဇရ်ကိုးခြင်းသည်သက္ကဒီရ်တွင်မသတ်မှတ်ထားသောအရာတစ်ခုကိုယူဆောင်ပေးနိုင်ခြင်းမရှိပါ။

http://www.sunnah.global/hadeeth/my/show/2960